Pray for Rohingya
EXPECTANTLY SOWING




# ရိုဟင်ဂျာများအတွက် ကမ္ဘာလုံးဆိုင်ရာ ဆုတောင်းရာနေ့

အောက်တိုဘာလ ၅ ရက်၊ ၂၀၂၅ ခုနှစ်

ထိုသို့ မိန့်မြွက်တော်မူသော ထာဝရဘုရားကို၊ အာတောလေ ရောဟူသော အမည်ဖြင့် ခေါ်ဝေါ်၍၊ ငါ့ကိုမြင်တော်မူသော သူကို ဤအရပ်၌ပင် ငါ ဖူးမြင်ရသည်တကားဟု ဟာဂရဆိုလေ၏။
ကမ္ဘာဦးကျမ်း ၁၆း၁၃

## တွေ့မြင်သော ဘုရားသခင်

ရိုဟင်ဂျာများ၏ ဘဝအချိုးအကွေ့နှင့် သမိုင်းကြောင်းကိုပြန်လည်ဆင်ခြင်သည့်အခါ နေရပ်စွန့်ခွါခြင်း၊ ဆုံးရှုံးမှုနှင့် ရုန်းကန်မှုများဖြင့် ပြည့်နေသည့် ဖြစ်ရပ်ဇာတ်လမ်းများကို တွေ့မြင်ရသည်။ ရိုဟင်ဂျာများသည်ကမ္ဘာပေါ်တွင် အများဆုံးညှဥ်းပန်းနှိပ်စက်ခံရသောလူမျိုးစုများထဲမှတစ်စုဖြစ်ပြီး၊ မကြာခဏ လူသူမသိ၊ တိမ်မြုပ် လျစ်လျူရှုခြင်းကိုခံနေရသည်။ ဤကမ္ဘာက ထိုသို့ လျစ်လျူရှုသည့်တိုင်၊ ဘုရားသခင်မူကား မည်သည့်အခါမျှ ထိုသို့မလုပ်ပါ။ သူသည် ရိုဟင်ဂျာများကို တွေ့မြင်သည်။ သူတို့၏နာကျင်မှု၊ အမည်နာမများနှင့် ဖြစ်ရပ်ဇာတ်ကြောင်းတို့ကိုသိမြင်သည်။ ချစ်ခြင်းမေတ္တာဖြင့်သူတို့ကိုအတိအလင်းရှာဖွေနေသည်။ ဗျာဒိတ် ၇း၉ တွင်ဖော်ပြထားသည့်အတိုင်း၊ တစ်နေ့တွင် သိုးသူငယ်၏ပလ္လင်တော်ရှေ့တွင် ရိုဟင်ဂျာ ယုံကြည်သူများရပ်နေမည် ဟူသောယုံကြည်ချက်ဖြင့် ဘုရားသခင်၏အလိုတော်ကို ကျွန်ုပ်တို့ယုံကြည်စွာစောင့်မျှော်နိုင်သည်။ ထိုနေ့ရက်ကိုမျှော်လင့်လျက်၊ ရိုဟင်ဂျာများသည် သူတို့ကို တွေ့မြင်သောဘုရားသခင်ကို သိရှိလာရန်အတွက် ဘုရားသခင်၏နှလုံးသားနှင့်ပူးပေါင်းလျှက် သူတို့အတွက် ဆုတောင်းကူညီကြပါစို့။



## အိုသခင်ဘုရား၊ ရိုဟင်ဂျာများသည် ကိုယ်တော်၏မျက်မှောက်တော်၌ရှိပါ၏။ အောက်ပါအချက်တို့အတွက် ကျေးဇူးတော်ချီးမွမ်းပါသည်။

- ရိုဟင်ဂျာများကို သာသာနာပြုခြင်းလုပ်ငန်းများ၌ ကမ္ဘာအနှံ့ လုပ်သားများတိုးပွားစေတော်မူခြင်း (လုကာ ၁၀း၂)။
- ရိုဟင်ဂျာများ၏မိခင်ဘာသာစကားဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုရရှိရန် ပိုမိုတိုးတက်နီးစပ်လာခြင်း။
- ရိုဟင်ဂျာ သာသနာလုပ်သားများ အသိုင်းအဝိုင်းတွင် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုရှိစေခြင်း။
- ရိုဟင်ဂျာများအလယ်၌နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို သက်သေခံ ထင်ရှားစေနိုင်ခြင်း။

## ရိုဟင်ဂျာများသည် သူတို့ကိုတွေ့မြင်သောသူကို မြင်နိုင်ရန် ဆုတောင်းကူညီပါ။

- ရိုဟင်ဂျာများသည် သမ္မာကျမ်းစာဘာသာပြန်ဆိုသည့် ကြိုးစားမှုများကို သူတို့အား ဘုရားသခင်၏ချစ်ခြင်းမေတ္တာဖြင့် လိုက်ရှာခြင်းအဖြစ် မြင်နိုင်ရန်၊ ဘုရားသခင်ကို ကိုယ်တိုင်ကိုယ်ကျသိကျွမ်းချင်သော ယုံကြည်ခြင်းရှိလာရန်၊ သမ္မာကျမ်းစာဘာသာပြန်ခြင်းလုပ်ငန်းစဉ်အပေါ် ကျေးဇူးတော်ပြည့်ဝရန် ဆုတောင်းကူညီပါ။
- ရိုဟင်ဂျာများသည် အံ့အားသင့်ဖွယ် အိပ်မက်များ၊ ဗျာဒိတ်ရူပါရုံများနှင့် ဘုရားသခင်၏ တန်ခိုးတော်ကိုမြင်တွေ့ရသည့် နိမိတ်လက္ခဏာများမှတဆင့် သူတို့ကိုတွေ့မြင်သော ဘုရားသခင်နှင့် ထိတွေ့နိုင်ရန် ဆုတောင်းကူညီပါ။ ဘုရားသခင်၏ဖိတ်ခေါ်မှုကို နှိမ့်ချ၍ ယုံကြည်သောစိတ်ဖြင့် တုန့်ပြန်နိုင်ရန် နှလုံးတံခါးအမြဲဖွင့်ထားနိုင်အောင်ဆုတောင်းကူညီပါ။
- ရိုဟင်ဂျာယုံကြည်သူများနှင့်အသင်းတော်များသည် ယေရှုခရစ်၏ ပုံသဏ္ဍာန်ကို ပိုမိုထင်ဟပ်စေရန်ဆုတောင်းကူညီပါ။
- ဆော်ဒီအာရေဗျ၊ ပါကစ္စတန်နှင့်တရုတ်နိုင်ငံများထဲက မထင်မရှားနေရာများတွင် တိမ်မြုပ်နေသော ရိုဟင်ဂျာများသည် နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကိုကြားရပြီး သက်သေထင်ရှားမှုများကို မြင်တွေ့စေရန် ဆုတောင်းကူညီပါ (လုကာ ၁၀း၉)။

**သခင်ယေရှု၊ကိုယ်တော်သည်ပျောက်ဆုံးသောသူကိုရှာပြီးကယ်တင်ပါသည်။ ကိုယ်တော်သည် ပျောက်ဆုံးပြီး၊ လိုနေသူများကို သိုးထိန်းမရှိသောသိုးများကဲ့သို့သနားခြင်းကရုဏာစိတ်နှင့် တွေ့မြင်ပါသည်။ ရိုဟင်ဂျာများအတွက် ကိုယ်တော်၏ကယ်တင်ခြင်းအစီအစဉ်ရှိသည်ကို ကျေးဇူးတော်ချီးမွမ်းပါသည်။အိုဘုရားသခင်၊ကိုယ်တော်သည်သူတို့ကိုအမှန်တကယ်တွေ့မြင်ပြီးအခြားမည်သူမျှမပေးနိုင်သောမေတ္တာကိုပေးပါသည်။ အာမင်။**

**Thank you for praying with us!**
www.pray4rohingya.com

Scan the QR code and sign up to receive regular short prayer requests via WhatsApp